# ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ (၂၀၂၀)ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အတွင်း ကျောင်းလာရောက်အပ်နှံခြင်းမရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် အောက်ဖော်ပြပါ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်သည် -

(က) **ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်**

(၁) (၂၀၂၀)ပြည့်နှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲ (ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊ ကျန်းမာရေးကောင်းမွန်ရမည်၊

(၂) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/ (ပြု)/ (ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်၊

(၃) တက္ကသိုလ်ခွဲဝေနေရာချထားရေးအဖွဲ့မှ တက်ရောက်ခွင့်ပြုမည့် တက္ကသိုလ်တွင်သာ တက်ရောက်ရမည်ဖြစ်ပြီး ၎င်းတက္ကသိုလ်တွင် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်၊

(၄) မူလတက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေး လုပ်ငန်းများဆောင်ရွက်စဉ်က လျှောက်ထားခဲ့ခြင်းမရှိသော လျှောက်လွှာများ၊ မူလတက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေး ဆောင်ရွက်နေသည့် (၂၀၂၁)ခုနှစ်၊ စက်တင်ဘာလကုန်အထိ လျှောက်ထားခြင်းမရှိဘဲ သတ်မှတ်ရက်ထက် နောက်ကျပြီးမှ လျှောက်ထားလာသော နောက်ကျလျှောက်လွှာများ၊ မည်သည့်တက္ကသိုလ်ကိုမှ ဝင်ခွင့်ရရှိထားခြင်းမရှိသူများအား လုံးဝ(လုံးဝ)လက်ခံစဉ်းစားမည် မဟုတ်ပါ။

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်-

(၁) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ရမှတ်စာရင်း (မူရင်း) (၁)စောင်၊

(၂) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ၊

(၃) မူလဝင်ခွင့်ရတက္ကသိုလ်တွင် လက်ရှိတက်ရောက်ပညာသင်ကြားနေကြောင်း သို့မဟုတ် တက္ကသိုလ်တစ်ခုခုသို့ ဝင်ခွင့်ရရှိထားကြောင်း သက်ဆိုင်ရာ တက္ကသိုလ်၏ ထောက်ခံစာ(မူရင်း)။

(ဂ) ပူးတွဲပါ လျှောက်လွှာနမူနာပုံစံအတိုင်း A4 Size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ် ဖြင့် လျှောက်ထားရန်ဖြစ်သည်၊

(ဃ) လျှောက်လွှာများကို ၂၂-၆-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည် တော်သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်သည်၊

(င) လစ်လပ်သောနေရာများတွင် တက်ရောက်ခွင့်ရရှိစေရေးအတွက် ဖြေလျှော့၍ ဒုတိယ အကြိမ် လျှောက်လွှာခေါ်ယူပေးခြင်းဖြစ်သဖြင့် လျှောက်လွှာပိတ်ရက် ၂၂-၆-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် အထောက် အထားမပြည့်စုံသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊

(စ) ရောက်ရှိလာသောလျှောက်လွှာများနှင့် အမှတ်စာရင်းများကို စိစစ်၍ လစ်လပ်နေရာ ပေါ်မူတည်ပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနက် အမှတ်အများ ဆုံးရရှိသူများအားရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့တက် ရောက်ခွင့်ပြုမည်။

၂။ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၁၁၂၃၉ ၊ ၀၆၇-၃၄၁၁၁၄၈ နှင့် ၀၆၇-၃၄၁၁၁၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ဓါ

လျှောက်လွှာနမူနာပုံစံ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

------------------------------------------တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
(၂၀၂၀-ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

၁။ အမည် (မြန်မာ) --------------------------- ကျား ☐ မ ☐
(အင်္ဂလိပ်)

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ------------------------------------------------

၄။ လူမျိုး --------------------------- ကိုးကွယ်သည့်ဘာသာ ----------------------

၅။ ဖခင်အမည် ------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------
အလုပ်အကိုင်------------------------------------------------------------

၆။ မိခင်အမည် ------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------
အလုပ်အကိုင် -----------------------------------------------------------

၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုနှစ် ------- ခုံအမှတ်--------- ရမှတ်ပေါင်း--------
အောင်မြင်သည့်စာစစ်ဌာန -----------------ပြည်နယ်/တိုင်းဒေသကြီး----------------

၈။ မူလဝင်ခွင့်ရရှိသည့်တက္ကသိုလ်-----------------------------------------------

၉။ လျှောက်ထားလိုသည့်တက္ကသိုလ်အမျိုးအစား(တစ်ခုသာဖော်ပြရန်)---------------------

၁၀။ အမြဲနေထိုင်သောလိပ်စာ ----------------------------------------------
------------------------------------------------------------------

၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်------------------------------------
------------------------------------------------------------------

၁၂။ ပြည့်စုံစွာ ဖော်ပြခြင်းမရှိသော လျှောက်လွှာများအတွက် လျှောက်ထားသူ၏ တာဝန်သာဖြစ်ပါသည်။

၁၃။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ ---------------------------

---------------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်